**“ ၂၀၁၈ – ၂၀၁၉ ခုနှစ်(အောက်တိုဘာလမှ စက်တင်ဘာလထိ) ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကနဦးမှတ်ပုံတင်လုပ်ငန်း ငွေခန်းပိတ်ခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးကြေငြာချက် ”**

(က) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကနဦးမှတ်ပုံတင်လုပ်ငန်း ငွေခန်းများအား အောက်ပါနေရာများတွင်ဖွင့်လှစ်၍ **PO** ဖြင့်လည်းကောင်း၊ ဘဏ်ငွေသွင်းချလန်ဖြင့်လည်းကောင်း၊ ငွေသားဖြင့်လည်းကောင်း လက်ခံဆောင်ရွက်လျက်ရှိပါသည် -

(၁) ရုံးချုပ်(နေပြည်တော်)

(၂) ရုံးချုပ်(ကနဦးမှတ်ပုံတင်ဌာနခွဲ)ထောက်ကြန့်

(၃) ရုံးချုပ်(ကနဦးမှတ်ပုံတင်ဌာနခွဲ)ရွာသာကြီး

(၄) ရုံးချုပ်(ကနဦးမှတ်ပုံတင်ဌာနခွဲ)မန္တလေး

(ခ) ၂၀၁၈ - ၂၀၁၉ ခုနှစ်(အောက်တိုဘာလမှ စက်တင်ဘာလထိ) ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် စက်တင်ဘာလတွင် နှစ်ချုပ်စာရင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် ဘဏ်စာရင်းနှင့်ဌာနစာရင်းကိုက်ညီမှုရှိစေရေးအတွက် ကနဦးမှတ်ပုံတင်ခြင်းဆိုင်ရာ မှတ်ပုံတင်အခငွေများကို **PO** နှင့် ဘဏ်ငွေသွင်းချလန်ဖြင့် လက်ခံဆောင်ရွက်ခြင်းအား ၂၅. ၉. ၂၀၁၉ ရက်အထိသာ ငွေခန်းဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ၂၆. ၉. ၂၀၁၉ မှ ၃၀. ၉. ၂၀၁၉ ရက်အထိ ငွေခန်းပိတ်မည်ဖြစ်ပါသည်။

(ဂ) အဆိုပါ ၂၆. ၉. ၂၀၁၉ မှ ၃၀. ၉. ၂၀၁၉ ရက်အထိကာလအား ကနဦးမှတ်ပုံတင်ခွင့်ပြုကာလ (၂၁)ရက်နှင့် (၇) ရက်တို့တွင် ထည့်သွင်းရေတွက်မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

(ဃ) ၃၀. ၉. ၂၀၁၉ ရက်နေ့တွင် မူသေနံပါတ်ဝယ်ယူခြင်း၊ ဖောင်းကြွဝယ်ယူခြင်းတို့နှင့်စပ်လျဉ်း၍ ငွေသားဖြင့်ငွေလက်ခံခြင်းကို နံနက်ပိုင်း (၁၂:၀၀)နာရီအထိ ငွေလက်ခံပေးမည်ဖြစ်ပါသည်။

(င) ၁. ၁၀. ၂၀၁၉ ရက်နေ့သည် ဘဏ်ပိတ်ရက်ဖြစ်သော်လည်း ပြည်သူလူထုလုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေစေရန်အတွက် ၁. ၁၀. ၂၀၁၉ ရက်နေ့တွင် ငွေခန်းဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန